# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများ

| စဉ် | တင်သွင်းသူအမည်၊ မဲဆန္ဒနယ်နှင့် ကိုယ်စားပြုပါတီ | အဆိုအကြောင်းအရာ | အဆိုတင်သည့်နေ့ | ဆုံးဖြတ်သည့်နေ့ နှင့် ရှင်းလင်းဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ဦးခင်မျိုးဝင်း<br>တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၂)<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့်ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်း နိုင်ရန် မြန်မာ့ပင်လယ်ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတ များကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ် စစ်ဆေး မှတ်တမ်းတင် ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လှေများဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို | ၂၉-၈-၂၀၁၇<br>(၅၁)ရက်မြောက်နေ့<br>(ပဉ္စမပုံမှန်) | ၂၅-၁၀-၂၀၁၇<br>(စတုတ္ထနေ့)<br>စိုက်/မွေး/ဆည်<br>ဝန်ကြီးဌာန<br>ဒုဝန်ကြီး<br>ဦးလှကျော် | အတည်ပြု |
| ၂ | ဒေါ်ထုမေ<br>ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၁)<br>ရခိုင်အမျိုးသားပါတီ | မြန်မာနိုင်ငံတွင်သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်း (အထက်တန်း) အောင်မြင်ပြီးချိန် အထိ အင်္ဂလိပ်ဘာသာကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် ပြဋ္ဌာန်းသင်ကြားပေးနေသော်လည်း အထက်တန်းအဆင့် ပညာရေး ပြီးဆုံးချိန်တွင် ကျောင်းသူ/သားအများစု၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသား၊ ပြောဆို ဆက်သွယ်နိုင်စွမ်းမှာ နိမ့်ကျနေဆဲဖြစ်ပါသည်။ထို့ကြောင့် အထက်တန်းပညာရေး ပြီးဆုံးချိန်မှာ အင်္ဂလိပ်ဘာသာဖြင့် အတိုင်းအတာ တစ်ခုအထိ ထိရောက်စွာ ရေးသားပြောဆိုဆက်သွယ်နိုင်ရန်အတွက် (Grade 9) အဋ္ဌမတန်းမှ စတင်၍ အင်္ဂလိပ်စာဘာသာ သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံ နည်းစနစ်များ၊ အကဲဖြတ်စနစ် (စာမေးပွဲ) ကို ခေတ်နှင့်လျော်ညီစွာ စွမ်းရည် ၄မျိုး (4 skills- Reading, Writing, Speaking, Listening) ပါဝင်သောစနစ်သို့ ပြုပြင်ပြောင်းလဲသင်ကြားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို | ၁၄-၁၁-၂၀၁၇<br>(၁၁)ရက်မြောက်နေ့ | | အဆိုတင်ထားဆဲ |